# ဘုရားသခင်က လွယ်လွယ်ကလေး ကယ်တင်ပေးပုံ
# ( ၁ ယော )

# နိဒါန်း

၁ယော ၅း ၁၃ " ဘုရားသခင်၏ သားတော်ကို ယုံကြည်သော သင်တို့သည် ထာဝရအသက်ကို ကိုယ်တိုင်ရသည်ဟု သိစေခြင်းငှါ၊ ဤအရာများကို သင်တို့အား ငါရေး၍ ပေးလိုက်၏။ ´

# 1. ၁။ အားလုံး အပြစ်သားပါ။

**၁ယော ၅း ၁၆- ၁၇** `ညီအကိုချင်းသည် သေပြစ်မသင့်သော ဒုစရိုက်ကို ပြုမိသည်ကို တစုံတယောက်သောသူသည် မြင်လျှင်၊ ထိုသူသည် ဆုတောင်းရမည်။ သေပြစ်ကို မပြုသောသူတို့ အဘို့အလို့ငှါ၊ ဘုရားသခင်သည် ထိုသူအား အသက်ကို ပေးတော်မူမည်။ သေပြစ်သင့်သော ဒုစရိုက်ရှိ၏။ ထိုဒုစရိုက်အပြစ်ကို လွှတ်စေခြင်းငှါ ဆုတောင်းရမည်ဟု ငါမဆို။ မတရားသောအမှုမည်သည်ကား ဒုစရိုက်ဖြစ်၏။ သို့သော်လည်း သေပြစ်မသင့်သော ဒုစရိုက်ရှိ၏။ ´

**၁ယော ၃း ၆** `ကိုယ်တော်၌ တည်နေသောသူမည်သည်ကား၊ ဒုစရိုက်ကို မပြုတတ်။ ဒုစရိုက်ကို ပြုတတ်သောသူမည်သည်ကား ကိုယ်တော်ကို မသိမမြင်ရသေး။ ´



**တို့အားလုံးဟာ အပြစ်ရှိသူတွေပါ။**

# ၂။ အပြစ်အတွက် ပေးဆပ်စရာရှိပါတယ်။

**၁ယော ၅း ၁၉** `ငါတို့သည် ဘုရားသခင်နှင့် စပ်ဆိုင်သည်ကိုငှင်း၊ လောကီသားအပေါင်းတို့သည် မာရ်နတ်၏လက်၌ ရှိကြသည်ကိုငှင်း ငါတို့သိကြ၏´

**၁ယော ၅း ၁၂** `သားတော်ကိုရသောသူသည် အသက်ကိုရ၏။ ဘုရားသခင်၏သားတော်ကို မရသောသူမူကား အသက်ကိုမရ။ ´

**၁ယော ၃း ၁၅** `မိမိညီအကိုကို မုန်းသောသူမည်သည်ကား၊ လူ့အသက်ကိုသတ်သောသူဖြစ်၏။ လူ့အသက်ကိုသတ်သောသူ တစုံတယောက်၌မျှ ထာဝရအသက်မတည်။´

# ၃။ အပြစ်တွေအတွက် သခင်ယေရှုခရစ်တော် အသေခံပေးခဲ့ပါပြီ။

**၁ယော ၄း ၁၀** `ငါတို့သည် ဘုရားသခင်ကို ချစ်ကြသည်ဟုမဆို။ ဘုရားသခင်သည် ငါတို့ကိုချစ်၍ ငါတို့၏ အပြစ်ဖြေစရာအကြောင်းဖြစ်စေခြင်းငှါ သားတော်ကို စေလွှတ်တော်မူသောအရာ၌ ချစ်ခြင်းမေတ္တာရှိ၏။´



**အပြစ်ရှိသူတွေအတွက် ခရစ်တော် အသေခံခဲ့ပြီ**

**၁ယော ၄း ၂-၃** `ဘုရားသခင်၏ ဝိညာဉ်တော်ကို အဘယ်သို့သိနိုင်သနည်းဟူမူကား၊ လူ့ဇာတိအားဖြင့် ကြွလာတော်မူသော ယေရှုခရစ်ကို ဝန်ခံသော ဝိညာဉ်မည်သည်ကား၊ ဘုရားသခင်နှင့် စပ်ဆိုင်၏။ လူ့ဇာတိအားဖြင့် ကြွလာတော်မူသော ယေရှုခရစ်ကို ဝန်မခံသော ဝိညာဉ်မည်သည်ကား၊ ဘုရားသခင်နှင့် မစပ်ဆိုင်။ ထိုသို့သောဝိညာဉ်ကား၊ သင်တို့သည် ကြားခဲ့ပြီးသည့်အတိုင်း ဤလောကသို့လာမည်ဖြစ်၍၊ ယခုပင် လာလျက်ရှိသော အန္တိခရစ်၏ ဝိညာဉ်ဖြစ်၏။

**၁ယော ၅း ၁၁** `ဘုရားသခင်သည် ငါတို့အား ထာဝရအသက်ကို ပေးတော်မူ၍၊ ထိုအသက်သည်လည်း သားတော်၌ ပါ၏။´

# ၄။ ကယ်တင်တာဟာ အခမဲ့ပါ။ ကိုယ်ကောင်းတာလုပ်လို့ မဟုတ်ဘူး။ ဘုရားသခင်ပြောတဲ့အတိုင်း သခင်ယေရှုတပါးတည်းကို အားကိုးပါ။

**၁ယော ၅း ၁၄-၁၅** `ငါတို့သည် ဘုရားသခင့်အထံတော်၌ ရဲရင့်ခြင်းအကြောင်းဟူမူကား၊ ငါတို့သည် အလိုတော်နှင့်အညီ တစုံတခုသောဆုကို တောင်းလျှင်၊ ဘုရားသခင်သည် နားထောင်တော်မူ၏။ ဆုတောင်းသမျှသောစကားတို့ကို နားထောင်တော်မူကို ငါတို့သိလျှင်၊ အထံတော်၌ တောင်းသောဆုတို့ကိုရမည်ဟု သိကြရ၏။´

*အခုလို ရိုးရိုးကလေး ဆုတောင်းနိုင်ပါတယ်။ ဒီလိုဆုတောင်းတာက အကယ်ခံရဖို့ သခင်ယေရှုကို အားကိုးတယ်လို့ ဘုရားသခင်ကို ပြောလိုက်တာပါပဲ။ သခင်ယေရှုကို ယုံကြည် အားကိုးတာနဲ့ အကယ်ခံရတာပါ။*

ဘုရားသခင်-

ကျွန်တော်/ကျွန်မဟာ အပြစ်တွေ လုပ်ခဲ့ပါတယ်။ အပြစ်ဒဏ်ခံထိုက်ပါတယ်။ ဒါပေမယ့် သခင်ယေရှုက ကိုယ်စားအသေခံပေးပြီး ၃ ရက်မြောက်တဲ့နေ့မှာ အသက်ရှင်ပြန်ခဲ့ပါတယ်။ အပြစ်ခွင့်လွှတ်တော်မူပါ။ ယုံကြည်ပါတယ်။ သေရင် ကောင်းကင်ရောက်ဖို့ မ,စ တော်မူပါ။ အာမင်။ ။

**Amazing Grace Publishing *100 Lakeview Court * Joshua TX 76058 * 817-426-1828 * E-Mail JamesAV@aol.com**